# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

November 11 , 2022 Volume 60, Number 8

၁၁.၁၁.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၆၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၉၈၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၅၂.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၂၃.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၆၃.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၈.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၈၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၉၃၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၈၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၄.၀၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၃၀၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ဝ၁-၃၇၁၂ဝ၃
ဝ၁-၃၇၆၄၁၆
ဝ၁-၃၇၆၄၉ဝ
ဖက်စ် ဝ၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## လျှပ်စစ်သုံးယာဉ်များ တင်သွင်းရာတွင် အကောက်ခွန်နှုန်းထားအား သုညရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်

လျှပ်စစ်သုံးယာဉ်များ တင်သွင်းခြင်းနှင့်ပတ်သက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးသည် အကောက်ခွန်နှုန်း ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(ဃ)အရ နိုဝင်ဘာ ၂ ရက်က အမိန့်ကြေညာစာ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယင်းအမိန့်ကြေညာစာသည် နိုဝင်ဘာ ၂ ရက်မှစတင်၍ ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အထိ အကျိုးသက်ရောက်မည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံအတွင်း လျှပ်စစ်သုံးယာဉ်များ အသုံးပြုမှုနှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်ပမှ Completely Built Up– CBU စနစ် Completely Knocked Down– CKD စနစ်နှင့် Semi–Knocked Down–SKD စနစ်တို့ဖြင့် တင်သွင်းသည့် လျှပ်စစ်ကား(BEV)များအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ တွင် သတ်မှတ်ထားသည့် အကောက်ခွန်နှုန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ သုညရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ခဲ့သည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

လမ်းပေါ်တွင် မောင်းနှင်နိုင်သည့် နောက်တွဲယာဉ်ကို ဆွဲသည့်ယာဉ်၊ ယာဉ်မောင်း\အပါအဝင် ၁၀ ဦး (သို့) ၁၀ ဦးနှင့် အထက်စီးနင်းနိုင်သည့် ခရီးသည်တင် မော်တော်ယာဉ်၊ ကုန်တင်ယာဉ်၊ လူစီးယာဉ်၊ သုံးဘီးတပ်ယာဉ်(လူစီး)၊ သုံးဘီးတပ်ယာဉ်(ကုန်တင်)၊ လူစီးနှစ်ဘီးတပ် လျှပ်စစ်မော်တော်ဆိုင်ကယ်၊ လူစီးနှစ်ဘီးတပ် လျှပ်စစ်စက်ဘီး၊ လူနာတင်ယာဉ်၊ ထောင်ကား၊ နိဗ္ဗာန်ယာဉ်တို့အား သုညရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ လျှပ်စစ်ကားများနှင့်ပတ်သက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ တင်သွင်းခြင်းအတွက် နည်းပညာပိုင်းဆိုင်ရာ ထောက်ခံချက်ပါရှိသည့် လျှပ်စစ်သုံးယာဉ်များ၏ ဆက်စပ်ပစ္စည်းများ (ဥပမာ–အားသွင်းရုံဆိုင်ရာ ပစ္စည်းများ၊ အားသွင်းစနစ်ဆိုင်ရာပစ္စည်းများ)နှင့် စက်မှုဝန်ကြီးဌာန၏ တင်သွင်းခြင်းအတွက် ထောက်ခံချက်ပါရှိသည့် လျှပ်စစ်သုံးယာဉ်များ၏ အပိုပစ္စည်းများကိုလည်း သုညရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ပေးခဲ့သည်။

**Source:** https://www.popularmyanmar.com/?p=91528

## တိုယိုတာက ထိုင်းနိုင်ငံ EV ဈေးကွက်ထဲ ဝင်ရောက်တော့မည်

တိုယိုတာကုမ္ပဏီသည် အစိုးရထောက်ပံ့ကြေးများအပေါ်အမှီပြုလျက် ထိုင်းနိုင်ငံလျှပ်စစ်ကားဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ကာ ခြေကုပ်ယူနိုင်ရန် ကြိုးစားနေပြီး ထိုင်းနိုင်ငံ၌ လျှပ်စစ်ကားများကို စတင်ရောင်းချမည်ဖြစ်ကြောင်းသိရှိရသည်။

ထိုင်းနိုင်ငံတွင် စတင်မိတ်ဆက်ရောင်းချမည့် bZ4X အမည်ရှိ လျှပ်စစ်ကားသည် တိုယိုတာ၏နာမည်ကြီး Lexus အမှတ်တံဆိပ် ဇိမ်ခံကားပြီးနောက် ပထမဆုံးထုတ်လုပ်သည့် လျှပ်စစ်ကားဖြစ်ကြောင်းလည်း သိရှိရသည်။ ဂျပန်၌ထုတ်လုပ်မည့် အဆိုပါလျှပ်စစ်ကားကို ထိုင်းဘတ်ငွေ ၁ ဒသမ ၈၃ သန်း(ဒေါ်လာ ၄၉,၉၀၀) နှင့် ရောင်းချမည်ဖြစ်ပြီး အရောင်ခြောက်မျိုးဖြင့် ထုတ်လုပ်မည်ဟု သိရှိရသည်။

bZ4X အမျိုးအစား လျှပ်စစ်ကားသည် တစ်ကြိမ်အားသွင်းထားပြီးလျှင် ခန့်မှန်းခြေကီလိုမီတာ ၄၀၀ အထိ သွားနိုင်ကြောင်း ဖော်ပြထားပြီး ထိုအကွာအဝေးသည် လျှပ်စစ်ကားများထဲတွင် အမြင့်ဆုံးသွားနိုင်သည့် အကွာအဝေးဖြစ်ကြောင်း သိရှိရသည်။

တိုယိုတာသည် ထိုင်းနိုင်ငံ၏ ထိပ်တန်းကားကုမ္ပဏီတစ်ခုဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် ကားအစီးရေ ၂၄၀,၀၀၀ အထိ ရောင်းချနိုင်ခဲ့သည်။ ယခုထပ်မံထုတ်လုပ်သည့် bZ4X လျှပ်စစ်ကားများအတွက်လည်း အရောင်းရဆုံးအဆင့်တွင် ဆက်လက်ရပ်တည်ဖို့ မျှော်မှန်းထားသည်။ သို့သော် ဂျပန်နှင့်ယှဉ်ပါက ဈေးပိုသက်သာသည့် တရုတ်နိုင်ငံထုတ် လျှပ်စစ်ကားများနှင့် ယှဉ်ပြိုင်ရောင်းချရဦးမည်ဖြစ်သည်။

ကမ္ဘာ့စတုတ္ထအကြီးဆုံး လျှပ်စစ်ကားကုမ္ပဏီဖြစ်သည့် တရုတ် BYD ကုမ္ပဏီသည် ထိုင်းနိုင်ငံ၌ အသေးစားလျှပ်စစ်ကားအမျိုးအစား SUV ATTO3 အား ဘတ် ၁ ဒသမ ၂ သန်းဖြင့် ရောင်းချပေးနေကြောင်း သိရှိရသည်။

**Source : Nikkei Asia**

https://www.popularmyanmar.com/?p=91514

## ကျောက်မျက်အချောထည်နှင့် ဈေးကွက်ကိစ္စပူးပေါင်းဆောင်ရွက်ရန် ရုရှားနှင့်ဆွေးနွေး

နှစ်နိုင်ငံအကြား သတ္တုကဏ္ဍဖွံ့ဖြိုးရေးအပါအဝင် တွင်းထွက်နှင့်ကျောက်မျက်ရတနာလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ဖို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ရုရှားနိုင်ငံနဲ့ ဆွေးနွေးနေတယ်လို့ သိရှိရပါတယ်။

မြန်မာနိုင်ငံကို ရောက်ရှိနေတဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး မစ္စတာအလက်ဇန်းဒါးဆာဂီးအ်ဗစ်ရှ်ရုဘတီရော့ဗ်နှင့်အဖွဲ့ကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၉ ရက်နေ့က နေပြည်တော်တွင် လက်ခံတွေ့ဆုံစဉ်မှာ အခုလို ဆွေးနွေးခဲ့တာဖြစ်ပါတယ်။ နှစ်နိုင်ငံအကြား သတ္တုကဏ္ဍဖွံ့ဖြိုးရေးအတွက် နည်းပညာနှင့်ခေတ်မီစက်ပစ္စည်း ကိရိယာများရရှိရေး၊ နှစ်နိုင်ငံဘူမိဗေဒပညာရှင်များပူးပေါင်း၍ ဖြစ်ထွန်းမှုများရှာဖွေဖော်ထုတ်ရေး၊ ကျောက်မျက်ရတနာ အချောထည်လုပ်ငန်းဖွံ့ဖြိုးရေး၊ ဈေးကွက်ဖော်ဆောင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့တယ်လို့ သိရှိရပါတယ်။ ရုရှားအကူအညီနဲ့ဆောင်ရွက်မယ့် အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်း ပြန်လည်စတင်ဆောင်ရွက်နိုင်ရေးကြီးကြပ်ရန်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း စက်မှုဝန်ကြီးဌာနမှ ပြီးခဲ့တဲ့မေလတုန်းက ထုတ်ပြန်ထားပြီး ဒီစီမံကိန်းဟာ ရုရှားနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်တဲ့ စီမံကိန်းတွေအနက် အကြီးဆုံးစီမံကိန်းတစ်ခုလည်း ဖြစ်ပါတယ်။

အဆိုပါအမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းတွင် နိုင်ငံခြားသားပညာရှင်များနှင့် လိုအပ်နေသည့် စက်နှင့်စက်ပစ္စည်းများအချိန်မီရောက်ရှိရေး ဆောင်ရွက်ရန်၊ နိုင်ငံခြားသား ပညာရှင်များ နေထိုင်စားသောက်မှု အဆင်ပြေစေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊ နိုင်ငံခြားသားပညာရှင်များ၏ လုံခြုံရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်၊ စက်ရုံဝန်ထမ်းများအား နည်းပညာလွှဲပြောင်းပေးခြင်း (Technical Transfer)နှင့် စာတွေ့၊ လက်တွေ့သင်တန်းအစီအစဉ် (Training Program) အတွက် ရုရှားအစိုးရက ကူညီထောက်ပံ့ရန် ကမ်းလှမ်းထားသော ယူရို ၁၀ ဒသမ ၅ သန်းတန်ဖိုးရှိ နည်းပညာအကူအညီများရရှိနိုင်ရေး ရုရှားအစိုးရထံ တောင်းခံထားသလို စက်ရုံ၊ တည်ဆောက်ရေးစီမံကိန်းနှင့် နိုင်ငံခြားသားပညာရှင်များ ဟန်ချက်ညီစွာဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊ ကြုံတွေ့နေရသောအခက်အခဲများ၊ ပြဿနာများအား ကူညီဖြေရှင်းဆောင်ရွက်ပေးရန်နှင့်လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးရန်စသည့်အချက်များကို ဆောင်ရွက်ရမှာဖြစ်တယ်လို့ ဝန်ကြီးဌာနမှ ပြောဆိုထားပါတယ်။

ရုရှားနိုင်ငံဟာ မြန်မာနိုင်ငံနှင့်ကုန်သွယ်မှုအဖြစ် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဩဂုတ်လအထိ) ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ (၁၁ ဒသမ ၇၇၈) သန်းရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)ရဲ့ စာရင်းတွေအရလည်း ၂၀၂၂ ခုနှစ် ဩဂုတ်လအထိ နိုင်ငံအလိုက်ရင်းနှီးမြှုပ်နှံမှု အဆင့် ၂၂ နေရာတွင်ရှိပြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၂) ခုဖြင့် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၉၄) သန်းဖြင့် ရပ်တည်နေပါတယ်။

Sourse: Myanmar Future News

## အသားတိုးကြက် ခြံဖမ်းဈေးမြင့်မှုကြောင့် စားသုံးသူဈေးကွက်မှာ ကြက်သားတစ်ပိဿာဈေး ကျပ် ၁၃၀၀၀ ထိ မြင့်တက်လာ


https://www.myanmaplatform.com/a/65108.html

လူအများစားသုံးမှု အများဆုံးဖြစ်တဲ့ ကြက်သားဈေးနှုန်းများ လက်ကားဈေးဖြစ်တဲ့ ခြံဖမ်းဈေးရော လက်လီဈေးဖြစ်တဲ့ စားသုံးသူဈေးကွက်မှာပါ ယခင်ထက် ဈေးမြင့်လာတယ်လို့ ကြက်သားရောင်းချသူတွေထံက သိရပါတယ်။

အသားတိုးကြက်ခြံဖမ်းဈေးမှာ ယခင်တစ်ပိဿာငွေကျပ် ၅၀၀၀ ပတ်ဝန်းကျင်ကနေ လက်ရှိမှာ ကျပ် ၇၀၀၀ အထက်မြင့်တက်လာတာကြောင့် စားသုံးသူဈေးကွက်မှာလည်း ယခင်က တစ်ပိဿာ ကျပ် ၉၀၀၀ ကနေ ယခုမှာ ကြက်သားဈေးတစ်ပိဿာ ၁၃၀၀၀ နှုန်းနဲ့ ဝယ်ယူနေရပြီဖြစ်ကြောင်း သိရပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာလထဲမှာ အသားတိုးကြက်ခြံ ဖမ်းဈေးနှုန်းဟာ ကျပ် ၅၀၀၀ အောက်အထိ ဈေးနှုန်းကျဆင်းခဲ့ပြီး မွေးမြူထုတ်လုပ်စရိတ်အောက်ကို ရောက်ရှိခဲ့တာကြောင့် ဈေးကွက်ထဲ ကြက်ခြံတွေကနေ ကုန်အဝင်လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ အဲဒီလို ဈေးကွက်ထဲ ကုန်အဝင်လျော့နည်းသွားတာကြောင့် အသားတိုးကြက်ခြံဖမ်းဈေးနှုန်းများ ပြန်လည်မြင့်တက်လာခဲ့ပြီး ရန်ကုန်အသားတိုးကြက်ဈေးကွက်ထဲမှာ ခြံဖမ်းဈေးနှုန်း ၇၄၅၀ ကျပ်အထိ ဈေးမြင့်တက်လာကာ ဒိုင်ရောင်းဈေးမှာ ၇၇၀၀ ကျပ်အထိ ဈေးပေါက်တယ်လို့ ဆိုပါတယ်။

ရန်ကုန်အပါအဝင် အခြားပြည်နယ်ဒေသအချို့က ဈေးကွက်တွေမှာ အသားတိုးကြက်ဖမ်းဈေး အနိမ့်ဆုံး ကျပ် ၇၂၀၀ မှ အမြင့်ဆုံး ၇၉၀၀ ကျပ်အထိ ဈေးမြင့်တက်လျက်ရှိတယ်လို့ ဈေးကွက်ပေါက်ဈေးများအရ သိရပါတယ်။

**Source:** https://www.myanmaplatform.com/a/65108.html

## တရုတ်နိုင်ငံသို့ ရော်ဘာအား ဘိန်းအစားထိုးသီးနှံ (Quota)စနစ်နဲ့ တင်သွင်းပါက အခွန်ကင်းလွတ်ခွင့်ရမည်


https://www.myanmaplatform.com/a/65123.html

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ရော်ဘာတင်သွင်းရာမှာ ဘိန်းအစားထိုးသီးနှံ (Quota)စနစ်နဲ့ တင်သွင်းပါက အခွန်ကင်းလွတ်ခွင့်ရမယ်လို့ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ သိရပါတယ်။

တရုတ်နိုင်ငံအစိုးရအနေနဲ့ ယခင်က ရော်ဘာတစ်တန်ကို ယွမ် ၃၀၀၀ ခန့် အခွန်ကောက်ခံလျက်ရှိရာမှ ဘိန်းအစားထိုးသီးနှံ (Quato)မှ တင်သွင်းမယ်ဆိုရင် ၅၀ ရာခိုင်နှုန်း ခန့် အခွန်လျော့ကောက်ခံလျက်ရှိသလို လက်ရှိကာလ ရော်ဘာအား ဘိန်းအစားထိုးသီးနှံ (Quota)စနစ်နဲ့ တင်သွင်းပါက အခွန်ကောက်ခံမှုမရှိဘဲ ကင်းလွတ်ခွင့် ပေးထားတယ်လို့ သိရပါတယ်။

မြန်မာပို့ကုန် လုပ်ငန်းရှင်တွေအနေနဲ့ အခုချိန်မှာ တရုတ်နိုင်ငံသို့ ရော်ဘာတင်သွင်းပါက အခွန်ကင်းလွတ်နိုင်သည့်အတွက် အခွင့်ကောင်းတစ်ရပ်ဖြစ်လို့ ရော်ဘာပိုမိုတင်ပို့နိုင်ဖို့ ကြိုးစားဆောင်ရွက်သင့်တယ်လို့ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်က အသိပေးထားပါတယ်။

ရော်ဘာတင်ပို့မှုကို ယခင်က ဒေါ်လာငွေကြေးနဲ့သာ အသုံးပြုတင်ပို့ခဲ့ရပေမယ့် ယခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စတင်ကာ ယွမ်ငွေကြေးကို အသုံးပြုတင်ပို့ခွင့်ရရှိနေပြီဖြစ်သလို မြန်မာကထွက်ရှိတဲ့ ရော်ဘာတွေကို တရုတ်နိုင်ငံသို့ နှစ်စဉ် တင်ပို့နေတာဖြစ်တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ရော်ဘာတင်ပို့မှုအနေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ကန်ဒေါ်လာ ၆၄ သန်းကျော်၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ကန်ဒေါ်လာ ၅၅ သန်းကျော်၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာ ကန်ဒေါ်လာ သန်း ၁၁၀ ကျော်၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှာ ကန်ဒေါ်လာ ၇ သန်းကျော်နဲ့ ၂၀၂၀-၂၀၂၃ ဘဏ္ဍာနှစ် စက်တင်ဘာလထိကို ကန်ဒေါ်လာ ၆ သန်းကျော်အထိ တင်ပို့နိုင်ခဲ့တယ်လို့ နယ်စပ်ကုန်သွယ်ရေးစခန်းတွေက သိရပါတယ်။

**Source: https://www.myanmaplatform.com/a/65123.html**

## ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း ပြည်ပသို့ နယ်စပ်ကုန်သွယ်မှုမှတစ်ဆင့် ရော်ဘာတန်ချိန် ၁၀၃၂၀ ကျော် တင်ပို့ခဲ့ပြီး မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အများဆုံးတင်ပို့



https://news-eleven.com/article/240187

၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း ပြည်ပသို့ နယ်စပ်ကုန်သွယ်မှုမှ တစ်ဆင့် ရော်ဘာတန်ချိန် ၁၀၃၂၀ ကျော်ခန့်တင်ပို့ခဲ့ပြီး မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အများဆုံးတင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဒေါ်လာ ၃ ဒသမ ၅၄၅ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၂၃၆၀ ခန့် တင်ပို့ခဲ့ရာ တရုတ်နိုင်ငံသို့ တန်ချိန် ၁၃၁၀၊ အိန္ဒိယနိုင်ငံသို့ တန်ချိန် ၁၀၀၀ ကျော်၊ မလေးရှားနိုင်ငံသို့ တန်ချိန် ၄၀ ကျော် တင်ပို့ခဲ့သည်။

မြန်မာ-တရုတ်နှင့် မြန်မာ-ထိုင်းနယ်စပ် ကုန်သွယ်ရေးစခန်းများမှ အောက်တိုဘာလအတွင်း ဒေါ်လာ ၁၃ ဒသမ ၉၃၅ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၀၃၂၀ ကျော် တင်ပို့ခဲ့သည်။ မြန်မာ-တရုတ်နယ်စပ်မှ တန်ချိန် ၈၂၆၀ ကျော် တင်ပို့ခဲ့ပြီး မြန်မာ-ထိုင်းနယ်စပ်မှ ရော်ဘာတန်ချိန် ၁၀၆၀ ကျော် တင်ပို့ခဲ့သည်။ အောက်တိုဘာလအတွင်း ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုမှ ရော်ဘာတင်ပို့မှု စုစုပေါင်းတန်ချိန် ၁၂၆၈၀ ဖြစ်ကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၂၀ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၁ ခုနှစ် စက်တင်ဘာလကုန်အထိ ပြည်ပသို့ ရော်ဘာစိမ်းတင်ပို့မှုမှ ဒေါ်လာ ၄၄၉ ဒသမ ၁၀၂ သန်းရရှိခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ရော်ဘာစိမ်းတင်ပို့မှုမှ ဒေါ်လာ ၂၆၄ ဒသမ ၄၄၂ သန်းရရှိခဲ့သည်။ အဆိုပါ ကာလတူနှစ်ခုကိုနှိုင်းယှဉ်ပါက ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ရော်ဘာစိမ်းတင်ပို့မှုမှာ ယခင်ဘဏ္ဍာနှစ်ထက် ဒေါ်လာ ၁၈၄ ဒသမ ၆၆၀ သန်း ပိုမိုရရှိခဲ့သည်။

ရော်ဘာကို မြန်မာနိုင်ငံတောင်ပိုင်းဒေသများအနက် မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့သည် ရော်ဘာအများဆုံး စိုက်ပျိုးသည့်ဒေသများဖြစ်သည်။ ကျန်တိုင်းဒေသကြီးများဖြစ်သည့် ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်းတို့တွင်လည်း စိုက်ပျိုးလျက်ရှိကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။

ပြည်တွင်း၌ တစ်နှစ်လျှင် ရော်ဘာတန်ချိန် စုစုပေါင်း နှစ်သိန်းဝန်းကျင်ထွက်ရှိပြီး ရာခိုင်နှုန်း ၉၀ ကျော်ကို ပြည်ပသို့ တင်ပို့နေပြီး ကျန်ရှိသည့် ရှစ်ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်း၌ အသုံးပြုလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ရော်ဘာကို တရုတ်သို့ အဓိကတင်ပို့နေခြင်းဖြစ်ပြီး မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျပန်၊ ထိုင်ဝမ်၊ အိန္ဒိယစသည့်နိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

မြန်မာ့သဘာဝရော်ဘာထုတ်ကုန်များ အရည်အသွေး ပိုမိုကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာဌာနများ၊ သတင်းအဖွဲ့များ၊ စိုက်ပျိုးသူတောင်သူများ၊ ကုန်သည်များ၊ စက်ပိုင်ရှင်များစသည်ဖြင့် Supply Chain တစ်လျှောက် ပါဝင်ပတ်သက်သူအားလုံး ကဏ္ဍအလိုက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ ပို့ကုန်တိုးမြှင့် တင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာကို အကောင်အထည်ဖော်လျက်ရှိပြီး အမျိုးသားပို့ကုန်မဟာဗျူဟာ(NES) ၂၀၂၀-၂၀၂၅ မူဘောင်သည် မြန်မာနိုင်ငံ၏ မိုက်ခရို၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်းနှင့်ကမ္ဘာ့စီးပွားရေးဈေးကွက်တွင် လက်ရှိတင်ပို့ရောင်းချနေသူများအတွက် အခွင့်အလမ်းသစ်များ ဖန်တီးမည်ဖြစ်ကြောင်းသိရသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ၏ အဓိကဦးစားပေးကဏ္ဍများတွင် လယ်ယာထွက်ကုန်ပစ္စည်းအခြေခံ စားသောက်ကုန်ထုတ်လုပ်ခြင်းကဏ္ဍ၊ အထည်အလိပ်နှင့်အဝတ်အထည်ကဏ္ဍ၊ စက်မှုနှင့်လျှပ်စစ်ပစ္စည်းကဏ္ဍ၊ ရေထွက်ကုန် လုပ်ငန်းကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍ၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့်ဝန်ဆောင်မှုကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုကဏ္ဍ၊ အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ၊ ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုကဏ္ဍ၊ တီထွင် ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင် ဆောင်ရွက်ခြင်းကဏ္ဍ စသည်တို့လည်းပါဝင်သည်။

**Source:** https://news-eleven.com/article/240187

## ၂၀၂၁-၂၀၂၂ ကြံရာသီအတွင်း ဗီယက်နမ်နိုင်ငံသို့ အရည်အသွေးပြည့်မီသည့် သကြားတန်ချိန် ၉၀၀၀၀ ခန့် တင်ပို့နိုင်

၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှ လက်ရှိကာလ ကြံရာသီအတွင်း ဗီယက်နမ်နိုင်ငံသို့ အရည်အသွေးပြည့်မီသည့် သကြား တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၈၀ နှုန်းဖြင့် တန်ချိန် ၉၀၀၀၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုးလင်း၏ ပြောပြချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံသို့ သကြားတင်ပို့မှုအတွက် ပြည်တွင်းရှိ သကြားစက်ရုံများမှ ထွက်ရှိလာသော သကြားများကို အရည်အသွေးပြည့်မီစေရန် စနစ်တကျစီစဉ်ဆောင်ရွက်ရပြီး လက်ရှိတင်ပို့နေသော သကြားများသည် ၂၀၂၁ ခုနှစ်က ဗီယက်နမ်နိုင်ငံနှင့် ချုပ်ဆိုခဲ့သည့် သကြားတင်ပို့မှုဆိုင်ရာ သဘောတူစာချုပ်အရ တင်ပို့နေသော သကြားများဖြစ်သည်။ "လက်ရှိအချိန်ထိ ဗီယက်နမ်နိုင်ငံကို တင်ပို့နေတဲ့သကြားက တန်ချိန် ၉၀၀၀၀ လောက်ရှိပါတယ်။ အခုတင်ပို့နေတဲ့ သကြားတွေက ၂၀၂၁ ခုနှစ်က ဗီယက်နမ်နိုင်ငံနဲ့ချုပ်ဆိုခဲ့တဲ့ သဘောတူစာချုပ်အရ တင်ပို့နေတာပါ။ ဗီယက်နမ်နိုင်ငံကို သကြားတင်ပို့ရာမှာ လုပ်ထုံးလုပ်နည်းတွေ၊ သတ်မှတ်ချက်တွေ တော်တော်များပါတယ်။ အဲဒီလုပ်ထုံးလုပ်နည်းတွေ၊ သတ်မှတ်ချက်တွေနဲ့အညီ တင်ပို့ရတာဖြစ်ပါတယ်" ဟု ဦးစိုးလင်းကပြောသည်။

မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းအနေဖြင့် ဗီယက်နမ်နိုင်ငံက ဝယ်ယူမည့်သကြားကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးပြီး အရည်အသွေးပြည့်မီကြောင်း ထောက်ခံချက်ပေးရသည်။ ထို့နောက် အရည်သွေးပြည့်မီသည့် သကြားများကို ပင်လယ်ရေကြောင်းမှတစ်ဆင့် ဗီယက်နမ်နိုင်ငံသို့တင်ပို့ရန် သက်ဆိုင်ရာဆိပ်ကမ်းအာဏာပိုင်များနှင့် ပူးပေါင်းပြီး သတ်မှတ်ထားသော ကုန်သွယ်ရေးမူဝါဒများနှင့်အညီတင်ပို့နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရ သည်။

ပြည်ပသို့ သကြားပိုမိုတင်ပို့နိုင်ရေးအတွက် ပြည်တွင်းမှ သကြားများ၏အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်ရန် လိုအပ်သောကြောင့် ကြံစိုက်တောင်သူများကို နိုင်ငံတော်မှ သွင်းအားစုနှင့် ကြံမျိုးကောင်းမျိုးသန့်များရရှိရေးအတွက် ပံ့ပိုး ကူညီခြင်းနှင့် ကြံစိုက်ပျိုးမည့်တောင်သူများကို ပြည်တွင်းရှိ သကြားစက်ရုံများမှ ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးစရိတ် ကြိုတင်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/32656

## ပို့ကုန်မတ်ပဲကို တရုတ်လိုင်းအဝယ်ရှိလာတာကြောင့် အရောင်းအဝယ်ကောင်းနေ ပြည်တွင်းသုံး ကုလားပဲအုပ်စု ဈေးအနည်းငယ်မြင့်တက်လာ

ပို့ကုန်မတ်ပဲကို တရုတ်လိုင်းအဝယ်ရှိလာတာကြောင့် အရောင်းအဝယ်ကောင်းနေပြီး ကုလားပဲအုပ်စုမှာလည်း အနည်း ငယ်ဈေးတက်လာကြောင်း ပဲ၊ နှမ်းကုန်သည်များထံကသိရသည်။

ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးအေးနေသော်လည်း ပို့ကုန်မတ်ပဲမှာ တရုတ်နှင့်အိန္ဒိယ အဝယ်ဆုံလာတာကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ်သွက်နေကြောင်း၊ ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာလည်း ဈေးအနည်းငယ် ဆက်လက်မြင့်တက်ပြီး အရောင်းအဝယ်ကောင်းနေကြောင်း မြေပဲဆန်နှင့်နှမ်းမျိုးစုံမှာ အသစ်ဝင်ရောက်မှုများနှင့်အတူ ဈေးအနည်းငယ် ကျဆင်းလျက်ရှိသည်။ ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးခပ်အေးအေး ဆက်လက်ရှိနေနိုင်သေးကြောင်း

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်း)ပွဲရုံက ပြောသည်။

"ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးခပ်အေးအေးသာရှိနေပါတယ်။ ပို့ကုန်မတ်ပဲနဲ့ကုလားပဲအုပ်စုကတော့ အဝယ်သွက်နေပါတယ်။ မတ်ပဲတစ်အိတ်ငွေကျပ် ၁၇၈၀၀၀ ပြန်ဖြစ်လာပါတယ်။ တရုတ်လိုင်းကပါ မတ်ပဲကို အဝယ်လိုက်လာတော့ အဝယ်သွက်နေတယ်။ ကုလားပဲလည်း အဝယ်ကောင်းနေလို့ တစ်အိတ် ၁၉၅၀၀၀ ကျပ်အထိ ပေါက်ဈေးရှိလာတယ်။ ပဲစင်းငုံကတော့ ပေါက်ဈေးသိပ်မပြတ်ချင်ဘူး။ တစ်အိတ် ၁၇၈၀၀၀ ကျပ်လောက်သာ ပေါက်ဈေးရှိပါတယ်။ နှမ်းမျိုးစုံဈေးကွက်မှာ အသစ်ဝင်မှုတွေရှိလာတော့ ဈေးကွက်ကျဆင်းနေတယ်။ မြေပဲဆန်ကတော့ ရှမ်းပြည်က အသစ်ဝင်ရောက်မှုတွေရှိတော့ ဈေးငြိမ်နေပြီး အရောင်းအဝယ်ကတော့သွက်နေပါတယ်။ ကျန်တဲ့ပဲမာလိုင်းကတော့ အရောင်းအဝယ်ခပ်ပါးပါးလေးသွားနေပါတယ်"ဟု ၎င်းကပြောသည်။

**မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း**

အိန္ဒိယ FOB ဈေး တိုးမြှင့်ဝယ်လာသလို တရုတ်လိုင်း အဝယ်လိုက်လာတာကြောင့်လည်း မတ်ပဲ၊ ပဲစင်းငုံ ဈေးကွက်ကျဆင်းနေရာမှ ဈေးအနည်းငယ် ပြန်တက်လာရာ နိုဝင်ဘာ ၁၁ ရက်တွင် မတ်ပဲတစ်အိတ်လျှင် ၁၇၈၀၀၀ ကျပ်၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၁၇၈၀၀၀ ပေါက်ဈေးပြန်ဖြစ်လာသည်။ ပဲတီစိမ်းအညာမှာ ထိပ်စသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀ ပေါက်ဈေးရှိသော်လည်း ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။

**မြေပဲ**

ရှမ်းပြည်အပါအဝင် ဒေသစုံမှ မြေပဲဆန်အသစ်များ ဝင်ရောက်လာမှုရှိတာကြောင့် ဈေးအနည်းငယ်ကျဆင်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်တွင် ထိပ်စမြေပဲဆန် တစ်ပိဿာ ၅၃၀၀ကျပ် ဝန်းကျင်ဖြင့် အရောင်းအဝယ်သွက်နေပြီး ဆီဆန်မှာ တစ်ပိဿာ ၄၉၀၀၊ ၅၀၀၀ ကျပ်ပေါက်ဈေးရှိနေသည်။ မြေပဲဆီ တစ်ပိဿာလျှင် ၁၁၀၀၀ ကျပ်၊ နှမ်းဆီ တစ်ပိဿာလျှင် ၁၁၀၀၀ ကျပ်၊ စားအုန်းဆီတစ်ပိဿာလျှင် ၆၀၀၀ ကျပ်ပေါက်ဈေးရှိနေသည်။

ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးအေးနေရာကနေ မတ်ပဲနှင့်ကုလားပဲအုပ်စုသာ အရောင်းအဝယ်ပြန်သွက်နေရာ နိုဝင်ဘာ ၁၁ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ကျပ် ၁၉၆၀၀၀၊ ပဲယင်းတစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ပဲကြီးတစ်အိတ်လျှင် ကျပ် ၂၃၅၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ကျပ် ၁၆၀၀၀၀၊ စွန်တာပြာတစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ကျပ် ၂၄၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ကျပ် ၃၉၀၀၀၀ ပေါက်ဈေးဖြစ်နေသည်။

**Source: မကွေးဂျာနယ်**

## STOCK EXCHANGE (11.11.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 11th Nov. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | -100 | -1.10% | 9,200 | 9,200 | 9,000 | 1,396 | 12,783,200 | 33,109,694 | 297,987 |
| MTSH | 00002 | 3,400 | +50 | +1.49% | 3,400 | 3,400 | 3,350 | 8,580 | 28,768,750 | 38,929,150 | 132,359 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 1 | 7,700 | 10,400,986 | 80,088 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 67 | 1,306,500 | 2,472,053 | 48,205 |
| TMH | 00005 | 2,750 | +50 | +1.85% | 2,750 | 2,750 | 2,750 | 1 | 2,750 | 12,823,224 | 35,264 |
| EFR | 00006 | 2,600 | -100 | -3.70% | 2,700 | 2,700 | 2,600 | 540 | 1,434,000 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 70 | 343,000 | 10,497,598 | 51,438 |

## Market summary

As of 11th Nov. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 400.82 | -1.57 | -0.39% | 403.51 | 404.66 | 400.82 | 10,655 | 44,645,900 | 7 | 697,282 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 11th Nov. 2022

| MYANPIX | 400.82 ▼ 1.57 |
|---|---|
| Total Volume (shares) | 10,655 |
| Total Value (MMK) | 45 mil |
| Listed Company | 7 |
| Market Cap. (MMK) | 697,282 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▼ 100 |
| MTSH | 00002 | 3,400 | ▲ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 50 |
| EFR | 00006 | 2,600 | ▼ 100 |
| AMATA | 00007 | 4,900 | ▲ 0 |